**************************************************************

## NCGUB: News on Migrants & Refugees- 1 June, 2009 (English & Burmese)

**************************************************************

**HEADLINES**

**************************************************************

**<u>NEWS ON MIGRANTS</u>**

**Health care, urgent need in Malaysian detention camps**
**Lured into life on a slave ship**

**<u>NEWS ON REFUGEES</u>**

**Fifty two Burmese nationals pushed from Bangladesh**

**************************************************************

<u>ရွှေ့ပြောင်းအလုပ်သမားများသတင်း</u>

**မလေး ထိန်းသိမ်းရေး စခန်းများ၌ ကျန်းမာရေး စောင့်ရှောက်မှု အရေးပေါ် လိုအပ်နေ**
**ထိုင်းက အလုပ်သမား လက်မှတ် ၂ သန်းကျော် ထုတ်ပေးမည်**
**ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများမှတ်ပုံတင်ရေး အဆင်မပြေ**

<u>ဒုက္ခသည်များသတင်း</u>

**မြန်မာနိုင်ငံသား မူဆလင် ၅၂ ဦး ပြန်နှင်ထုတ်ခံရ**

**************************************************************

## NEWS ON MIGRANTS

**************************************************************

### Health care, urgent need in Malaysian detention camps

**by Ko Wild Friday, 29 May 2009 20:50**

Chiang Mai (Mizzima) – Detention camps in Malaysia urgently need regular health care service and preventive measures, a joint action group working for migrant workers in Malaysia said today.

Because of poor health care in the Juru Immigration detention camp, two Burmese nationals died on May 12 and 17 respectively. The 'Network of Action for Migrant in Malaysia' (NAMM) issued a statement based on the deaths.

The Human Rights Commission of Malaysia must probe the deaths and release the findings. They must also include their recommendations in the report for the betterment of health care and sanitation in all the detention camps," Pranom Somwong, liaison and relation officer of NAMM told Mizzima.

At least 500 Burmese are being held in this camp. They are suffering from diseases transmitted by Leptospirosis found in animal waste. Thang Hoih Ping (21) and Sa La Hin (26) died of these diseases.

The 'Global Joint Statement' was released yesterday on this issue by 124 international organizations, most of them Burmese lobby groups.

In the joint statement, they demanded that the Malaysian government and those responsible for the deaths pay compensation to the families of the dead.

The statement also demanded that the government expose and take action against persons responsible for the deaths in accordance with criminal law and hand out due punishment to them.

Ms. Pranam Somwong, also spokesperson of the NAMM, said that they also sent official letters to the Public Health Department, Immigration Department and Home Department besides the Malaysian government to carry out improved work on sanitation and health care services in all the detention camps across the country.

Moreover, the militia-style armed group RELA has more powers than the police force in these immigration detention camps thanks to the government's policy and resolutions. They have sweeping powers for arresting and searching any suspect at anyplace and at anytime. But they are not trained personnel, she said.

They have demanded a probe to find out whether RELA is involved in these deaths or not, she added.

The joint statement of 124 international organizations released yesterday also demanded regular inspection and supervision of the quality of food and drinking water being provided in these camps.

There were 1,300 custodial deaths of illegal aliens in Malaysian detention camps in the last six years. Most of the cases occurred in Immigration detention camps, the 18 December 2008 issue of the Star daily paper reported quoting Datuk Nl. Siva Subramaniam, Chief of Human Rights Commission of Malaysia.

http://mizzima.com/news/regional/2221-health-care-urgent-need-in-malaysian-detention-camps.html

**************************************************************

**Lured into life on a slave ship**
**Bamrung Amnatcharoenrit**
**Published: 31/05/2009 at 12:00 AM**

**They came to Bangkok looking for a better life, but ended up being kidnapped and forced to work on fishing trawlers**

Twenty-one-year-old Sombat arrived at Hua Lamphong railway station in Bangkok from Surin in the dead of night - broke, tired, hungry and in desperate need of a friend.

The naive young man never suspected that the kind stranger who offered him food, drink and the prospect of employment would sell him into a life of slavery on a fishing trawler, during which he had his throat cut, was routinely beaten and forced to jump ship and swim to a remote Malaysian island to end his living hell.

"At the time, I felt good to find a new friend from the same province in the lonely capital," Sombat, now 23, said recalling the meeting at the train station.

Sombat's story is not unique. It is estimated that more than 1,000 Thais have been lured by human-traffickers to work as slaves on fishing trawlers in the waters of neighbouring countries, according to Suwan Promphol, director of Provincial Protection and Occupational Development Centre for Men, which is under the Ministry of Social Development and Human Security.

Hua Lamphong railway station, Mor Chit bus terminal and Sanam Luang are the major spots where trafficking gangs try and lure naive travellers in need of money. Mainly, the targets are from the northeast, and have come to Bangkok to look for job opportunities. Many know nothing about the capital and have no relatives there.

Eaklak Loomchomkhae, head of the Mirror Foundation's anti-human trafficking centre, said the business is lucrative. The price of a victim varies, depending on their physical strength and age. It increases as the slave is passed from agent to agent until they end up on a fishing trawler.

According to Mr Eaklak, the head-hunter sells the victim to an agent for between 1,000 and 2,000 baht. Then the agent re-sells him to another agent for 7,000 to 10,000 baht. Finally, the victim is sold to the boat owner or the captain. The final price is between 10,000 and 30,000 baht. The slave markets are at four ports in Samut Sakhon and Samut Prakan.

There are several ways of luring victims. Commonly, it starts by the poacher gaining the trust of a wide-eyed "country bumpkin" at a bus station, using tactics of familiarisation such as saying they are from the same hometown or region.

Then the pampering starts, with food and drink - often including alcohol - and the promise of a well-paid job. Then, when they are travelling to the promised workplace or accommodation, the victim is seized by the slaver gangs.

"They are helpless and some don't even have one baht to their name. If someone gives them the slightest hint of hope, they will jump at it with no hesitation. They are unaware of the danger lying ahead," Mr Eaklak said.

Mr Suwan said that even men aged 60 are sold to the slavers. Some of them are kept on a trawling boat for as long as three years.

"They work around the clock seven days a week on board and earn nothing. Their lives are at risk both from the cruelty of the captain and natural hazards," Mr Suwan said.

In an interview with the Bangkok Post, five freed workers, including two Cambodians, recounted similar stories of their imprisonment on the ships. They worked tirelessly on board and the captains treated them cruelly. Some were beaten brutally with hammers and metal bars because they could not meet the captain's work demands. Sombat (not his real name) was one of those victims. The Surin native was seized when he was 21 years old and worked on board a trawler for 15 months.

"I worked almost 24 hours a day. I had to continuously fix fishing nets for three straight days. Very exhausted, my head flopped down to sleep," he recalled.

In 2007, he arrived at Hua Lamphong railway station at 3am. His plan was to visit his mother in Samut Prakan and find a job. At the train station, a man came to chat to him.

He offered him a job and food and told him he also came from Surin.

Sombat believed everything he was told. The head-hunter promised to take Sombat to his mother's place in Samut Prakan; Sombat accepted the offer. A few hours later, he found himself in a house owned by a man called Tan, in Samut Sakhon. He protested but was seized and trapped in a locked room with several other victims - the number of men locked in the room soon reached 17.

The next morning, all of them were transported to a port in Samut Prakan. The group was broken up and the men dispatched to different fishing vessels. Separating the men was intended to stop them banding together and launching a mutiny against the captain while at sea.

Sombat said one elderly victim's body was found in a fishing net after he fell into the sea.

"I was almost dead as well. The captain used a knife to slit my throat because I finished my lunch late. The blood flowed out and I knelt down begging for my life," he said, showing the long scar on this throat.

Twice Sombat tried to escape by jumping into the sea. The first time he was captured immediately. On the second attempt, he floated on a bag used to store fish for half a day before reaching Tanyong village in Malaysia.

Sombat stayed there for three days, but kept well away from the village, as the trawler he had escaped from was moored there for re-fueling. He survived on raw papaya and banana and fresh rainwater.

When the boat left, he went to the village to ask the people for help. He later turned himself in to police at Cejae port to purposely get arrested so that he could be deported back to Thailand.

"I didn't know the language, didn't know any English. So I communicated using sign language," he said.

Another Thai victim and two Laotians also escaped to Cejae port, though from a different trawler.

Most of victims are now staying at the centre, managed by Mr Suwan. The centre is compiling evidence in order to lodge a complaint against the slave gang.

Meanwhile, the victims continue to live in fear of revenge killings by the gang in order to cover up the story.

http://www.bangkokpost.com/news/investigation/17681/lured-into-life-on-a-slave-ship

************************************************************

# NEWS ON REFUGEES

************************************************************

## Fifty two Burmese nationals pushed from Bangladesh
**5/31/2009**

**Teknaf :** Fifty two Burmese nationals, all Muslims, were pushed back by the Bangladesh Rifles, the country's border security force to their home lands on Saturday through border crossing points, said an official report.

Lt. Colonel Abdul Khaleque, Commanding Officer of the BDR's 42 Rifles Battalion based in Teknaf said that among the 52 deportees, 20 are children and 10 are women while the rest are men.

The BDR pushed back 45 of them to Burma from Naitong Hill Point in Teknaf Township, located on the bank of Naff River, while seven were sent back to Burma from the Gundum-Taungbro land crossing border point.

The Colonel said recently 400 Muslims from Burma were caught at several border points after illegally entering Bangladesh. They were subsequently pushed back to Burma.

Earlier, many Muslim people were pushed back to Burma after Bangladeshi border security forces stopped them at the border. Most of the Burmese nationals entered Bangladesh from several border points including Naitong border point on Naff River, St Martian Island located at the mouth of the Naff River, Nila border point and the Gundum –Taungbro border points.

The exodus of Muslims from Burma to Bangladesh has increased after the Burmese junta authorities started to erect barbed wire fences along the border.

Bangladeshi border security forces are closely watching the border after many Muslims from Arakan state started entering Bangladesh.

Burmese Muslims are entering Bangladesh at a time when the Bangladesh government is preparing to repatriate Muslim refugees from two refugee camps located in southern Bangladesh to Burma.

Bangladeshi Foreign Minister Dipu Moni said at a press conference in Dhaka on Friday that the Burmese military authorities told her during her latest trip that the country would take back the Burmese Muslim refugees.

During her visit on May 16 and 17, the junta leaders admitted that the Muslim are Myanmarese and agreed to take them back, she said

She also said the Burmese regime has sought a list from Dhaka on the number of Muslim Refugees living in Bangladesh as part of the repatriation process.

She observed that the influx of Burmese refugees from Myanmar was not a new development, rather the Arakan people were continuously intruding into Bangladesh

for a long time.

Her rather candid comments came as the Bangladeshi media reported massive intrusion of Burma Muslim refugees in Cox's Bazaar and Bandarban districts.

Dipu Moni said the refugee flow would not stop unless Burma military authorities guaranteed "qualitative change" in Arakan state.

"Muslims from Burma infiltrating has always been there. They have been coming continuously," she said.

http://www.narinjara.com/details.asp?id=2199

**************************************************************

## ရွှေ့ပြောင်းအလုပ်သမားများသတင်း

**************************************************************

### မလေး ထိန်းသိမ်းရေး စခန်းများ၌ ကျန်းမာရေး စောင့်ရှောက်မှု အရေးပေါ် လိုအပ်နေ

**ကိုဝိုင်း    သောကြာနေ့၊ မေလ 29 2009 17:42 - မြန်မာစံတော်ချိန်**

ချင်းမိုင် (မဇ္ဈိမ)။    ။ မလေးရှားရှိ လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေး စခန်းများတွင် ကျန်းမာရေးဆိုင်ရာ ပုံမှန် ကာကွယ်ကုသ စစ်ဆေးမှုများ ပြုလုပ်ရန် အရေးပေါ် လိုအပ်နေကြောင်း မလေးရှားအခြေစိုက် ရွှေ့ပြောင်း အလုပ်သမားများအရေး ဆောင်ရွက်နေသည့် ပူးတွဲအဖွဲ့တခုက ယနေ့ပြောသည်။

Juru လူဝင်မှု ကြီးကြပ်ရေးဌာန၏ တရားမဝင် ဝင်ရောက်လာသူများကို ထိန်းသိမ်းသော စခန်း၌ မြန်မာနိုင်ငံသား ၂ ဦး သေဆုံးခဲ့မှုအပေါ် အခြေခံ၍ ပူးတွဲအဖွဲ့ Network of Action for Migrant in Malaysia (NAMM) က ပြောဆိုခြင်း ဖြစ်သည်။

"Human Rights Commission of Malaysia အနေနဲ့ မြန်မာနိုင်ငံသား နှစ်ဦး သေဆုံးရတဲ့ကိစ္စနဲ့ ပတ်သက်လို့ တရားဝင် စုံစမ်း စစ်ဆေးမှုတွေ လုပ်ပြီး ခိုင်မာတဲ့ ရလဒ်တွေ ထုတ်ပြန်ပေးရမယ်။ ပြီးတော့ ထိန်းသိမ်းရေးစခန်း အားလုံးရဲ့ သန့်ရှင်းရေးနဲ့ ကျန်းမာ ရေးစောင့်ရှောက်မှု ပိုပြီး ကောင်းမွန်လာဖို့အတွက် အထောက်အကူ ဖြစ်စေမယ့် တောင်းဆို အကြံပြုချက်တွေ ထုတ်ပေးဖို့ လိုအပ်ပါတယ်" ဟု MAMM ၏ ဆက်သွယ် ဆောင်ရွက်ရေး တာဝန်ရှိသူ မစ္စ ပရာနွမ် ဆွမ်ဝေါင် Pranom Somwong က မဇ္ဈိမကို ပြောသည်။

မြန်မာနိုင်ငံသား အနည်းဆုံး ၅၀၀ ခန့်ကို ထိန်းသိမ်းထားသည့် အဆိုပါ စခန်းအတွင်း တိရစ္ဆာန် အညစ်အကြေးမှ ဖြစ်ပွားတတ်သည့် Leptospirosis ဗိုင်းရပ်စ်ပိုးကြောင့် ယခုလ ၁၂ ရက်နှင့် ၁၇ တို့တွင် Thang Hoih Ping (၂၁ နှစ်) နှင့် Sa La Hin (၂၆ နှစ်) တို့ သေဆုံးခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မြန်မာအရေး လှုပ်ရှားနေသည့် အဖွဲ့အစည်းအများစု ပါဝင်သော နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၁၂၄ ဖွဲ့၏ Global joint statement တစောင်ကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

ထိန်းသိမ်းရေးစခန်း တာဝန်ရှိသူနှင့် မလေးရှားအစိုးရက သေဆုံးသွားသူ ၂ ဦးအတွက် လျော်ကြေးငွေကို ၎င်းတို့၏ မိသားစုဝင်များထံ လွှဲပြောင်းပေးအပ်စေလိုကြောင်း ထုတ်ပြန်ချက်အတွင်း

အကြံပြုတောင်းဆိုထားပြီး တာဝန်ရှိသူများကို ဖော်ထုတ်ပြီး ဥပဒေအရ ထိုက်သင့်သည့် အပြစ်ဒဏ်များ ချမှတ်ပေးရမည် ဖြစ်ကြောင်းလည်း ဖော်ပြထားသေးသည်။

နိုင်ငံတဝန်းရှိ ထိန်းသိမ်းရေး စခန်း ၂၂ ခုလုံး၏ သန့်ရှင်းရေး၊ ကျန်းမာရေး စောင့်ရှောက်မှုတို့ကို တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန် မလေးရှားအစိုးရ အပါအဝင်၊ ပြည်သူ့ ကျန်းမာရေးဌာန၊ လူဝင်မှု ကြီးကြပ်ရေးဌာန၊ ပြည်ထဲရေးဌာနသို့လည်း တရားဝင် စာပို့တောင်းဆိုထားကြောင်း အဆိုပါ အဖွဲ့အစည်း ၁၂၄ ဖွဲ့၏ ပြောခွင့်ရ ပုဂ္ဂိုလ်လည်းဖြစ်သူ မစ္စ ပရာနွမ် ဆွမ်ဝေါင်က ပြောသည်။

ထို့အပြင် လက်နက်ကိုင် ပြည်သူ့စစ်ပုံစံ ဖွဲ့စည်းထားသော RELA အဖွဲ့သည် အဆိုပါ လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းစခန်းများတွင် အစိုးရ ဆုံးဖြတ်ချက်များဖြင့် ရဲတပ်သားများထက် ပို၍ပင် လုပ်ပိုင်ခွင့်များ အပြည့်ရထားပြီး မသင်္ကာသူ မည်သူ့ကိုမဆို အချိန်မရွေး ရှာဖွေဖမ်းဆီး ထိန်းသိမ်းနိုင်ခွင့် ရှိသော်လည်း စနစ်တကျ သင်တန်းတက်ထားသူများ မဟုတ်ကြောင်း သူက ပြောသည်။

ထိန်းသိမ်းရေး စခန်းများတွင် ကျွေးမွေးသော အစားအစာနှင့် သောက်သုံးရေများ၏ သန့်ရှင်းမှုနှင့် အန္တရာယ် ရှိ၊ မရှိကိုလည်း ကျန်းမာရေးဌာနက ပုံမှန်ကြီးကြပ် စစ်ဆေးမှုများ ပြုလုပ်ရန် နိုင်ငံတကာ အဖွဲ့အစည်း ၁၂၄ ဖွဲ့၏ ယမန်နေ့ ပူးတွဲ ထုတ်ပြန်ချက် အတွင်း၌ တောင်းဆိုထားသည်။

ပြီးခဲ့သည့် ၆ နှစ်အတွင်း မလေးရှား ထိန်းသိမ်းရေး စခန်းများတွင် သေဆုံးခဲ့သူ တရားမဝင် နိုင်ငံခြားသား ဦးရေ ၁၃၀၀ ရှိကြောင်းနှင့် အများစုမှာ လူဝင်မှု ကြီးကြပ်ရေးဌာန ထိန်းသိမ်းရေး စခန်းများတွင် ဖြစ်ကြောင်း မလေးရှား လူ့အခွင့်အရေး ကော်မရှင် Human Rights Commission of Malaysia - Suhakam ၏ အကြီးအကဲ Datuk N. Siva Subramaniam က ပြောကြားကြောင်း ယမန်နှစ် ဒီဇင်ဘာ ၁၈ ရက်နေ့ထုတ် Star သတင်းဌာနက ဖော်ပြခဲ့သည်။

http://www.mizzimaburmese.com/news/regional/3071-2009-05-29-11-24-41.html

*************************************************************

## ထိုင်းက အလုပ်သမား လက်မှတ် ၂ သန်းကျော် ထုတ်ပေးမည်

**Friday, 29 May 2009 18:05 သန်းထိုက်ဦး**

ထိုင်းနိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမား နှစ်သန်းကျော်ကို တရားဝင် နေထိုင်လုပ်ကိုင်ရန်အတွက် အလုပ်သမား လက်မှတ်အသစ် ပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလုပ်သမားလက်မှတ် ပြုလုပ်ပေးမည့် ကိစ္စ နှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ အစိုးရအရာရှိများ၏ ထိပ်သီး အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်ဟု ထိုင်းနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နီးစပ်သူတစ်ဦးက ဧရာဝတီသို့ ပြောသည်။

“အလုပ်သမားလက်မှတ်တွေကို လာမည့်နောက်လအတွင်း လောက်မှာပြုလုပ်ပေးသွားဖို့အစီအစဉ်ရှိတယ်”ဟု ဆိုသည်။

ထိုင်း အလုပ်သမားဝန်ကြီးဌာန၏ အစီအစဉ်အသစ်ကို အလုပ်သမားအရေးကူညီ ဆောင်ရွက်ပေးနေသူများက ကြိုဆိုလိုက်သော်လည်း အလုပ်သမားများအတွက် ပြဌာန်းထားသော အခွင့်အရေးများကိုလည်း ကြီးကြပ်ပေး သွားရမည်ဟု ထိုင်နိုင်ငံအခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ

ကိုမိုးဆွေက ဧရာဝတီသို့ပြောသည်။

"လက်မှတ်လုပ်ပေးမယ်ဆိုတာကို ကျနော်တို့ ကြိုဆိုတယ်။ တရားဝင် မှတ်ပုံတင်ထားတဲ့အလုပ်သမားတွေ အတွက် ထိုင်းနိုင်ငံက တရားဝင် ပြဌာန်းထားတဲ့ ဥပဒေအရ အကြိုးခံစားခွင့်တွေကို ထိုင်းအစိုးရအနေနဲ့ကြပ်မတ် ပေးဖို့လိုမယ်လို့ထင်တယ်" ဟု ဆိုသည်။

ထိုင်းအစိုးရ ထိပ်သီးအစည်းအဝေး၏ အတည်ပြုချက်အရ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းအထိ သက်ဆိုင် ရာ ဒေသအသီးသီးရှိ မြန်မာနိုင်ငံအပါဝင်၊ လော၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ထိုင်းနိုင်ငံအတွင်း သို့လာရောက် အလုပ် လုပ်ကိုင်နေသည့် အလုပ်သမားကိုပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ တရားမဝင်အလုပ်သမားများကို တရားဝင် မှတ်ပုံတင်ခွင့်ပေးခြင်းသည် ထိုင်းနိုင်ငံအတွင်းသို့ နောက် ထပ် အလုပ်သမားများ တရားမဝင် ဝင်ရောက် အလုပ်လုပ်ခြင်းကို တားဆီးရန်ဖြစ်သည်ဟု ထိုင်းအာဏာပိုင်များ က ပြောဆိုထားသည်။

ထို့အပြင် တရားဝင် အလုပ်လုပ်ခွင့် လက်မှတ်များ ထုတ်ပေးပြီးပါက၊ ထိုင်းနိုင်ငံအတွင်း ငါးဖမ်းလုပ်ငန်း၊ ပင်လယ် အစားသောက် ထုတ်လုပ်ရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်းနှင့်အိမ် တွင်းမှုလုပ်ငန်းများ၌ တရားဝင်အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင်အလုပ်လုပ်နေကြသော လုပ်သားအားလုံးကို ၂၀၁၀၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အထိသာ ခွင့် ပြုမည်ဖြစ်ကြောင်းနှင့် ထိုကာလထက်ကျော်လွန်ပါက မိမိတို့ နှင့် နီးစပ်ရာ၊ ခရိုင်ရှိ အလုပ်သမားရုံး များတွင် တရားဝင် အလုပ်သမားအဖြစ် မှတ်ပုံတင်ကြရန်နှင့် အလုပ်သမားကတ် မလျှောက်ထားမီဆေး စစ်ခြင်း၊ ကျန်းမာရေး အာမခံကြေးပေး ဆောင်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထိုင်းအာဏာပိုင်များက ၂၀၁၀ ဖေဖော်ဝါရီလ၂၈ ရက်မတိုင်မီတွင် ထိုင်းနိုင်ငံအတွင်းသို့ နောက်ထပ် တရားမဝင်  အလုပ်သမားများ ဝင်ရောက်လာမှုကို တားဆီးသွားမည်ဖြစ်ကြောင်းလည်းသိရှိရသည်။

ထိုင်းနိုင်ငံအတွင်း တရားမဝင် ရောက်ရှိ နေထိုင်နေသည့် ပြည်ပအလုပ်သမားများအား မှတ်ပုံတင်ပြီး အလုပ် လုပ်ခွင့် ပေးသည့် အစီအစဉ်ကို ၁၉၉၂ ခုနှစ် တွင် စတင်ခဲ့သည်။

ထိုင်းနိုင်ငံ အနှံ့တွင် မြန်မာပြည်သား စုစုပေါင်း ၂သန်းမှ ၄သန်း အထိ ရှိသည်ဟု သိရပြီး အလုပ်သမား အများစု မှာ အလုပ်သမားမှတ်ပုံတင်ဖြင့် တရားဝင် အလုပ်လုပ်နိုင်မည့် အခွင့်အရေးကို စောင့်ဆိုင်းနေကြသည်။

http://www.irrawaddy.org/bur/index.php?option=com_content&view=article&id=1163:2009-05-29-11-07-04&catid=1:news&Itemid=2

**************************************************************************

## ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများမှတ်ပုံတင်ရေး အဆင်မပြေ

**NMG / ၂၉ မေ ၂၀၀၉**

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမား (၂) သန်းကျော်သည် တရားဝင်အလုပ် လုပ်ကိုင်လိုပါက မြန်မာနိုင်ငံ သို့ အားလုံးပြန်လာ၍ နိုင်ငံသား ဟုတ်မဟုတ် စိစစ်ခံရမည်ဟု မြန်မာအစိုးရ၏ပြောကြားချက်ကို မြန်မာအလုပ်သမား အရေး ဆောင်ရွက်နေသည့်အဖွဲ့များက ဖြစ်နိုင်ခြေမရှိသည့် လုပ်ငန်းစဉ်တရပ်ဟု ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေး ဆ၃မ အကြိမ်မြောက် ထိုင်း-မြန်မာ အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်တွင် ယခုလ (၁၉-၂၀) ရက်တို့တွင် ကျင်းပခဲ့သော်လည်း မြန်မာအလုပ်သမားများအတွက် တိုးတက် ကောင်းမွန်သည့် သဘောတူညီမှု မရရှိဘဲ ပြီးဆုံးသွားကြောင်း သိရသည်။

ယင်းအစည်းအဝေးတွင် ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်သူများသည် မြဝတီ၊ ကော့သောင်း၊ တာချီလိတ် စသည့် နယ်စပ်ဂိတ်များမှတဆင့် သွားရောက်ရမည်ဖြစ်ပြီး နယ်စပ်ဂိတ်တခုလျှင် လူ (၂၀၀) ခန့် သွားခွင့်ပြုမည်ဟု မြန်မာအစိုးရဘက်က ပြောသည်။

ယင်းကိစ္စကို ထိုင်းနိုင်ငံအခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့တာဝန်ခံ ဦးမိုးဆွေက "မြန်မာဘက် အစီအစဉ်က လက်ရှိ ထိုင်းမှာရောက်နေတဲ့ အလုပ်သမား (၂) သန်းကျော်ဟာ မြန်မာပြည်ကိုပြန်ပြီး နိုင်ငံသား ဟုတ်မဟုတ် အစစ်ခံပြီးမှ ပြန်လာရမယ်ဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အဓိက ပြဿနာက မြန်မာအလုပ်သမားတွေက မြန်မာအစိုးရကို မယုံတဲ့ပြဿနာဘဲ။ နယ်စပ်ဂိတ်သုံးခုမှာ တနေ့ လူ (၆၀၀) ပဲ လွှတ်မယ်ဆိုတော့ လူ (၂) သန်းကျော် ဆိုရင် (၁၀) နှစ်ကျော်လောက် ကြာမယ့်သဘောရှိတယ်။ ဒါက ဘယ်လိုမှ အလုပ်မဖြစ်မယ့်ကိစ္စ" ဟု ပြောသည်။

လာမည့် ဇူလိုင်မှစတင်ကာ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမား (၂) သန်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမားမှတ်ပုံတင်အသစ် ပြုလုပ်ပေးမည်ဟု သိရသော်လည်း အသစ်လုပ်ပေးမည့်အလုပ်သမား လက်မှတ် သည် အလုပ်ပြောင်းလုပ်ကိုင်ခွင့် မရှိသည့်အတွက် အလုပ်သမားများအတွက် နောက်ဆက်တွဲ ပြဿနာများ ရှိနိုင် ကြောင်း ဦးမိုးဆွေက ပြောသည်။

ထို့အပြင် အလုပ်ရှင်က အလုပ်သမားမူရင်းလက်မှတ်ကို သိမ်းဆည်းထားသဖြင့် ဖြစ်ပေါ်လာမည့် ပြဿနာများလည်း ရှိသောကြောင့် ထိုင်းအစိုးရအနေဖြင့် အလုပ်သမားများ အခွင့်အရေးအပြည့်အဝရရှိရေး ကြီးကြပ်ခန့်ခွဲပေးရန် လိုအပ်ကြောင်း ၎င်းက ရှင်းပြသည်။

နိုင်ငံခြားသားအလုပ်သမားအရေးနှင့်ပတ်သက်၍ ထိုင်းနိုင်ငံသည် ၂၀၀၅ ခုနှစ်မှစတင်ကာ လာအို၊ ကမ္ဘောဒီယား စသည့်နိုင်ငံများနှင့် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး စာချွန်လွှာအရ ထိုင်းနိုင်ငံရောက် မိမိနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများက ထိုင်းနိုင်ငံအတွင်း လာရောက်၍ မိမိတို့ နိုင်ငံသားဟုတ်မဟုတ် စစ်ဆေး အတည်ပြုပေးခဲ့ကြသည်။ အဆိုပါ စာချွန်လွှာကို မြန်မာအစိုးရက လက်မှတ်ရေးထိုးခြင်းမရှိဘဲ ငြင်းပယ်ခဲ့သည်။

ထိုင်းနိုင်ငံဘက်မှ မြန်မာအစိုးရကို စမ်းသပ်ကာလအဖြစ် မြန်မာအလုပ်သမား (၁) သောင်းကို စေလွှတ်ရန် ယမန်နှစ်က ထိုင်းအလုပ်သမားဝန်ကြီးနှင့် မြန်မာ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်တို့ သဘောတူခဲ့ကြသည်။

မြန်မာအစိုးရဘက်မှ တင်းကြပ်သည့် လုပ်နည်းလုပ်ဟန်များကြောင့် ၂၀၀၅ ခုနှစ်မှ စခဲ့သည့်လုပ်ငန်းစဉ်မှာ မြန်မာအလုပ်သမားများ၏ ပူးပေါင်းလက်တွဲကူညီမှု မရရှိခဲ့သည့်အတွက် ယနေ့တိုင် အလုပ်သမားများအား

စေလွှတ်နိုင်ခြင်းမရှိဟု မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် မြန်မာပြည်သူများအရေး ပူးတွဲလှုပ်ရှားမှု ကော်မတီအဖွဲ့၏ တာဝန်ခံ ဦးမိုးကြိုးက ပြောသည်။

ဘားအံမြို့နယ်မှ အလုပ်သမားတဦးက "ဘန်ကောက်မှာ လွန်ခဲ့တဲ့ (၃) နှစ်က တရားဝင် အလုပ်လုပ် လုပ်ကိုင်ခွင့် ရမယ်ဆိုလို့ ရုံးသွားပြီး နေရပ်လိပ်စာနဲ့ ကိုယ်ရေးရာဇဝင်သွားပေးတယ်။ လက်မှတ်မရတဲ့အပြင် ဘားအံမှာရှိတဲ့ ကျနော်တို့ မိဘဆွေမျိုးတွေကို ခင်ဗျားတို့ သားသမီးတွေ ဘယ်လိုသွားသလဲ၊ ဘယ်လိုအစီအစဉ်နဲ့ သွားတာလဲ၊ ဒီကိစ္စထောင်ကျနိုင်တယ်ဆိုတာ သိလား ဆိုပြီး အမျိုးမျိုးခြိမ်းခြောက်ပြီး ငွေအတောင်းခံရတာပဲ အဖတ်တင်တယ်။ ဒါကြောင့်မို့ ဘယ်သူမှ သွားမလုပ်တာ" ဟု ခေတ်ပြိုင်သို့ ပြောသည်။

မြန်မာနိုင်ငံသို့ ပြန်၍ မှတ်ပုံတင် အစစ်ခံရမည့်ကိစ္စမှာ အခက်အခဲရှိသဖြင့် လာအို၊ ကမ္ဘောဒီယားအစိုးရများကဲ့သို့ မြန်မာအလုပ်သမားအရေးကို ကူညီဖြေရှင်းစေလိုကြောင်း ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများက ပြောသည်။

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား (၂) သန်းကျော်ရှိပြီး တရားဝင်မှတ်ပုံတင်ထားသူ (၇) သိန်းခန့်သာရှိကြောင်း မြန်မာအလုပ်သမားအရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စာရင်းများအရ သိရသည်။

http://khitpyaing.org/news/May_09/29-5-09d.php

*************************************************************

## ဒုက္ခသည်များသတင်း

*************************************************************

### မြန်မာနိုင်ငံသား မူဆလင် ၅၂ ဦး ပြန်နှင်ထုတ်ခံရ

**5/30/2009**

မြန်မာနိုင်ငံသား မူဆလင် ၅၂ ဦးကို ခိုးဝင်လာစဉ် ဖမ်းမိသဖြင့် ဘင်္ဂလာရိုင်ဖယ်( ဘီဒီအာရ်) တပ်ဖွဲ့မှ မြန်မာနိုင်ငံသို့ ယနေ့တွင် ပြန်လည်နှင်ထုတ်လိုက်သည်။

တက်ကနက်မြို့ အခြေစိုက် အမှတ် (၄၂) ဘီဒီအာရ် တပ်ရင်းမှ တပ်ရင်းမှူး ဒု ဗိုလ်မှူးကြီး အဘဒူလ် ခါလစ်မှ အဆိုပါ နှင်ထုတ်လိုက်မှုကို အတည်ပြု ပြောကြားလိုက်ပြီး နှင်ထုတ်ခံရသူများအထဲတွင် အမျိုးသမီး ၁၀ ဦး၊ ကလေး ၂၀ ဦးနှင့် ကျန်သူများမှာ အမျိုးသားများ ဖြစ်သည်ဟု ပြောသည်။

ထိုအထဲမှ ၄၅ ဦးကို တက်ကနက်မြို့ မြောက်ဘက်တွင် တည်ရှိသော နတ်တောင်ခြေရင်းမှ မြန်မာဘက်ကို နှင်ထုတ်လိုက်ပြီး ကျန် ၇ ဦးကို ခေါင်းတုံး- တောင်ပြို နယ်စပ်ဖြတ်ကျော်လမ်းမှ တဆင့် ပြန်လည် နှင်ထုတ်လိုက်သည်ဟု ပြောဆိုသည်။

မြန်မာနိုင်ငံ အနောက်ဘက် နယ်စပ်မှ မူဆလင်များမှာ စီးပွားရေး ကျပ်တည်းပြီး အလုပ်အကိုင် အဆင်မပြေသည့် အပြင် နစကများက နှိပ်စက်သည်ဟု ဆိုကာ နယ်စပ် ဖြတ်ကျော်လမ်းများမှ တဆင့် ဘင်္ဂလာဒေ့ရှ်နိုင်ငံသို့ တရားမဝင် ဝင်ရောက်နေကြသည်။

ဘင်္ဂလာနယ်စပ်စောင့် တပ်ဖွဲ့များကလည်း အဆိုပါ ဖြတ်ကျော်လမ်းများကို ယခုအခါ တင်းတင်း ကျပ်ကျပ်

ပိတ်ဆို့ထားပြီး ဝင်ရောက် လာသူများကို ဖမ်းဆီးပြီး မြန်မာနိုင်ငံသို့ ပြန်ပို့နေသည်။

လွန်ခဲ့သော နှစ်ပတ်ခန့်က အဆိုပါ ဖြတ်ကျော် လမ်းများကဆင့် ဝင်ရောက်လာသူ မြန်မာနိုင်ငံသား မူဆလင် ၁၀၀၀ ကျော်ကို ဘင်္ဂလာက ပြန်လည်၍ နှင်ထုတ်ခဲ့ရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များ ကို ကိုးကားပြီး ဘင်္ဂလာ သတင်းစာများက ရေးသားဖေါ်ပြ ကြသည်။

အဆိုပါ မူဆလင်များ တဘက်နိုင်ငံကို ထွက်ပြေးလာသည့် ကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မြန်မာ နယ်စပ်တာဝန်ရှိသူများ တစုံတရာ ထုတ်ဖေါ်ပြောကြားခြင်း မရှိသလို အရေးတယူ ဆောင်ရွက်ခြင်း လည်း မရှိကြောင်း ပြူးမကျေးရွာမှ ရွာလူကြီး တဦးကပြောသည်။

တရားဝင် ဖွင့်လှစ်ထားသော ဒုက္ခသည် စခန်းနှစ်ခုမှ မြန်မာနိုင်ငံမှ မူဆလင် ဒုက္ခသည်များကို ပြန်ပို့ နိုင်ရေး ဘင်္ဂလာအစိုးရမှ ကြိုးပမ်းနေချိန်တွင် မြန်မာနိုင်ငံမှ ဒုက္ခသည်များ ထပ်မံပြီး ဘင်္ဂလာဒေ့ရှ်သို့ ဝင်ရောက်လာသဖြင့် ယခုကဲ့သို့ နှင်ထုတ်နေရခြင်းဖြစ်သည်။

http://www.narinjara.com/detailsbur.asp?id=1855

*************************************************************